ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်




Ayeyarwady Hluttaw

## ၂၀၂၀-၂၀၂၁ခု၊ဘဏ္ဍာရေးနှစ်ဧရာဝတီတိုင်းဒေသကြီး၏

## ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

(၅/၂၀၂၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၂၀-၂၀၂၁ခု၊ဘဏ္ဍာရေးနှစ်ဧရာဝတီတိုင်းဒေသကြီး၏

# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

Ayeyarwady Hluttaw

## ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်ဧရာဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

**(၂၀၂၀ ပြည့်နှစ်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် - ၅။)**

၁၃၈၂ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်

(၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်)

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁

### အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို၂၀၂၀-၂၀၂၁ခု၊ဘဏ္ဍာရေးနှစ်ဧရာဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၂၀ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂

### တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကိုဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကိုတိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

Ayeyarwady Hluttaw

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃) နှင့် (၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကိုစီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကိုစီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုမိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအားလွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကိုစီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

(ဃ) ဇယား(၁) နှင့် (၃)တို့တွင် ဖော်ပြလျာထားသောရငွေများအနက် ပြည်ပအကူအညီရငွေနှင့် ချေးယူရငွေတို့အတွက် လျာထားရန်အကြောင်းပေါ်ပေါက်လာပါက ယင်းသို့ရရှိသောငွေများဖြင့် ဆက်နွယ် ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့်ဇယား(၂)နှင့်(၄)တို့တွင် ဖော်ပြထားခြင်းမရှိသေးသော သုံးငွေများကိုသုံးစွဲရန်ကိစ္စများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကစိစစ်သုံးသပ်၍ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ခွင့်ပြုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးလွှတ်တော်၏အတည်ပြုချက်ဖြင့်ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့သုံးစွဲသည့်ငွေသည် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသတ်မှတ်ထားသည့်ငွေထက် မပိုစေရ။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ နှင့်တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများသည်လုပ်ငန်းအရလိုအပ်လျှင် ဇယား(၁)နှင့်(၃)တို့တွင် ဖော်ပြထားသောရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသောရငွေများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသော ၂၀၂၀ - ၂၀၂၁ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ အခွန်

Ayeyarwady Hluttaw

ဆိုင်ရာ ဥပဒေများနှင့်အညီရသင့် ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိစေရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများသည်လုပ်ငန်းအရလိုအပ်လျှင် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသောသုံးငွေများကိုစီမံခန့်ခွဲရာတွင် ဤဥပဒေအရခွင့်ပြုထား သောသုံးငွေများအတွင်းငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြ သော ၂၀၂၀-၂၀၂၁ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သောပြောင်းလဲခြင်းများကိုအမှန်စာရင်းများ တွင်ထည့်သွင်းဖော်ပြရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း၊ လိုအပ်သည့် ငွေကိုထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စု အစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

## အပိုင်း ၃

## တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ

၅။ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ဘဏ္ဍာ ရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကိုဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကိုတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေ များကိုတိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၆။ (က) တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ၏ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကိုစီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထား သောလုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ် အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

Ayeyarwady Hluttaw

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကိုစီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

၇။(က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရလိုအပ်လျှင်ဇယား(၃) နှင့်(၄) တို့တွင် ဖော်ပြထားသော ငွေများကိုပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၂၀-၂၀၂၁ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

## အပိုင်း ၄

## အရေးပေါ်ရန်ပုံငွေ

၈။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေပါဇယား (၄) တွင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကိုဘဏ္ဍာရေးနှစ်အတွင်းကြိုတင်မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့်ကိစ္စရပ်များ အတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

Ayeyarwady Hluttaw

(ခ) ပုဒ်မခွဲ (က)အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာခွင့် ပြုရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည်ပုဒ်မခွဲ (က)အရအရေးပေါ် ရန်ပုံငွေမှကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့တင်ပြရမည်။

## အပိုင်း ၅

## အထွေထွေ

၉။ တိုင်းဒေသကြီးအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သောတည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာကောက်ခံနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(လှမိုးအောင်)
ဝန်ကြီးချုပ်
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

Ayeyarwady Hluttaw

## ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား (၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄.၀၀၀ | | ၁၂၂၀၅.၈၇၆ | | | | | | | ၁၂၂၀၉.၈၇၆ |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀.၅၀၀ | | | | | | | ၀.၅၀၀ |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၈၈၉.၅၄၀ | | | | | | | ၈၈၉.၅၄၀ |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ် | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၅၃၆ | | | | | | | ၀.၅၃၆ |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၂၀၆ | | | | | | | ၀.၂၀၆ |
| | | ပေါင်း | ၄.၀၀၀ | | ၁၃၀၉၆.၆၅၈ | | | | | | | ၁၃၁၀၀.၆၅၈ |

Ayeyarwady Hluttaw

## ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား (၂)

(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၇၄၁၀.၃၅၀ | | | ၃၈၈၉၄.၇၀၂ | | | | ၄၆၃၀၅.၀၅၂ |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၁၀၈.၀၆၃ | | | ၆၈၈.၆၃၅ | | | | ၁၇၉၆.၆၉၈ |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားသူကြီးချုပ်က တာဝန်ပေးသူ | ၈၅.၁၉၁ | | | ၃.၀၀၀ | | | | ၈၈.၁၉၁ |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ် | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၈၅၅.၄၇၆ | | | ၃၅၆.၁၀၀ | | | | ၁၂၁၁.၅၇၆ |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၂၀၇၁.၇၆၈ | | | ၆၀၀.၀၀၀ | | | | ၂၆၇၁.၇၆၈ |
| | | ပေါင်း | ၁၁၅၃၀.၈၄၈ | | | ၄၀၅၄၂.၄၃၇ | | | | ၅၂၀၇၃.၂၈၅ |

Ayeyarwady Hluttaw

## ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်
## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အရေးပေါ်ရန်ပုံငွေ ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | | | | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၀၇၅.၉၉၃ | | | | | | | | | | | ၂၀၇၅.၉၉၃ |
| | ၁ | ယစ်မျိုးခွန် | | ၂၀၇၅.၉၉၃ | | | | | | | | | | | ၂၀၇၅.၉၉၃ |
| ၂ | | နိုင်ငံတော်ပိုင်ပစ္စည်းများအသုံးပြုသည့် အပေါ်ကောက်ခံသည့်အခွန်အကောက် | ၎င်း | ၇၅၇၆.၆၀၅ | | | | | | | | | | | ၇၅၇၆.၆၀၅ |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၅၂၉.၉၀၉ | | | | | | | | | | | ၅၂၉.၉၀၉ |
| | ၂ | တာတမံခွန် | | ၆၄၀.၈၉၈ | | | | | | | | | | | ၆၄၀.၈၉၈ |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောခွန် | | ၂၁၅.၈၈၇ | | | | | | | | | | | ၂၁၅.၈၈၇ |
| | ၄ | ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၄၈၂.၃၇၀ | | | | | | | | | | | ၄၈၂.၃၇၀ |
| | ၅ | ငါးလုပ်ငန်းဆိုင်ရာအခွန်အခ | | ၅၇၀၆.၅၄၀ | | | | | | | | | | | ၅၇၀၆.၅၄၀ |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန် | ၎င်း | ၁၄၀၀.၉၆၂ | | | | | | | | | | | ၁၄၀၀.၉၆၂ |
| | ၁ | ပစ္စည်းခွန် | | ၈၉၇.၄၅၅ | | | | | | | | | | | ၈၉၇.၄၅၅ |
| | ၂ | ဘီးခွန် | | ၅၀၃.၅၀၇ | | | | | | | | | | | ၅၀၃.၅၀၇ |

## ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်
## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။ အဆိုး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေများ | အရေးပေါ် ရန်ပုံငွေ ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပ အကူအညီ ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ် | | | ၁၂.၂၄၂ | | | | | | | | | ၁၂.၂၄၂ |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ်တိုင်းဒေသကြီး | | | ၁၂.၂၄၂ | | | | | | | | | ၁၂.၂၄၂ |
| ၂ | | ပြည်ထဲရေး | ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၄၅.၁၇၁ | | | | | | | | | ၄၅.၁၇၁ |
| | ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀.၀၉၀ | | | | | | | | | ၀.၀၉၀ |
| | ၂ | မီးသတ်ဦးစီးဌာန | | | | ၄၅.၀၈၁ | | | | | | | | | ၄၅.၀၈၁ |
| ၃ | | စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှု | ၎င်း | | | ၀.၀၉၁ | ၁၀၀၀.၀၀၀ | | | | ၁၆၂၈၀၀.၇၇၇ | | | | ၁၆၃၈၀၀.၈၆၈ |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၀၉၁ | | | | | | | | | ၀.၀၉၁ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | | | | | | | | | | | |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | ၁၀၀၀.၀၀၀ | | | | ၁၆၂၈၀၀.၇၇၇ | | | | ၁၆၃၈၀၀.၇၇၇ |
| ၄ | | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၎င်း | | | ၃.၀၀၅ | | | | | | | | | ၃.၀၀၅ |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | | ၃.၀၀၅ | | | | | | | | | ၃.၀၀၅ |
| ၅ | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၎င်း | | | ၂၄၃.၅၂၃ | | | | | | | | | ၂၄၃.၅၂၃ |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၆၂.၅၂၀ | | | | | | | | | ၆၂.၅၂၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၂၂.၉၅၀ | | | | | | | | | ၂၂.၉၅၀ |
| | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၁၃၄.၈၇၈ | | | | | | | | | ၁၃၄.၈၇၈ |
| | ၄ | သမဝါယမဦးစီးဌာန | | | | ၁၇.၀၉၀ | | | | | | | | | ၁၇.၀၉၀ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၆.၀၈၅ | | | | | | | | | ၆.၀၈၅ |
| ၆ | | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၎င်း | | | ၈၄.၅၀၃ | | | | | | | | | ၈၄.၅၀၃ |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁၄.၅၀၀ | | | | | | | | | ၁၄.၅၀၀ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | ၀.၀၀၃ | | | | | | | | | ၀.၀၀၃ |
| | ၃ | သတ္တုတွင်းဦးစီးဌာန (ဆားလုပ်ငန်းဌာန) | | | | ၇၀.၀၀၀ | | | | | | | | | ၇၀.၀၀၀ |
| ၇ | | ကျန်းမာရေးနှင့်အားကစား | ၎င်း | | | ၄၅.၁၀၅ | | | | | | | | | ၄၅.၁၀၅ |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၄၅.၁၀၅ | | | | | | | | | ၄၅.၁၀၅ |
| ၈ | | ဆောက်လုပ်ရေး | ၎င်း | | | ၁၄၅.၃၄၀ | | | | | | | | | ၁၄၅.၃၄၀ |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၁၀၁.၅၇၄ | | | | | | | | | ၁၀၁.၅၇၄ |
| | ၂ | လမ်းဦးစီးဌာန | | | | ၃၈.၄၉၀ | | | | | | | | | ၃၈.၄၉၀ |
| | ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၅.၂၇၆ | | | | | | | | | ၅.၂၇၆ |
| ၉ | | ကုန်တင်ကုန်ချကော်မတီရုံး | ၎င်း | | | ၀.၀၀၂ | | | | | | | | | ၀.၀၀၂ |
| ၁၀ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | | | ၁၃၃၅၂.၈၀၉ | | | | | | | | ၁၇၈.၃၀၉ | ၁၃၅၃၁.၁၁၈ |
| | | ပေါင်း | | ၁၁၀၅၃.၅၆၀ | | ၁၃၉၃၁.၇၉၁ | ၁၀၀၀.၀၀၀ | | | | ၁၆၂၈၀၀.၇၇၇ | | | ၁၇၈.၃၀၉ | ၁၈၈၉၆၄.၄၃၇ |

Ayeyarwady Hluttaw

## ၂၀၂၀-၂၀၂၁ခုနှစ်၊ ဘဏ္ဍာရေးနှစ်
## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၎င်း | ၁၃၂၆၀.၈၁၉ | | | | ၁၅၀၀.၀၀၀ | | | | ၁၄၇၆၀.၈၁၉ |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၃၂၆၀.၈၁၉ | | | | ၁၅၀၀.၀၀၀ | | | | ၁၄၇၆၀.၈၁၉ |
| ၂ | | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် | ၄၆၅၉.၂၄၇ | | | | ၂၃၁၁.၆၃၄ | | | | ၆၉၇၀.၈၈၁ |
| | ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | သို့မဟုတ်တိုင်းဒေသကြီး | ၃၂၂.၄၄၂ | | | | ၂၇.၁၀၀ | | | | ၃၄၉.၅၄၂ |
| | ၂ | မီးသတ်ဦးစီးဌာန | ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၄၃၃၆.၈၀၅ | | | | ၂၂၈၄.၅၃၄ | | | | ၆၆၂၁.၃၃၉ |
| ၃ | | စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှု | ၎င်း | ၁၂၇၀.၉၀၃ | ၁၀၀၀.၀၀၀ | | | ၁၃၀၈.၂၇၁ | | | | ၃၅၇၉.၁၇၄ |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၉၈၉.၄၅၃ | | | | ၇၀၃.၉၇၁ | | | | ၁၆၉၃.၄၂၄ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၁၃၂.၃၄၀ | | | | ၄၁၆.၇၀၀ | | | | ၅၄၉.၀၄၀ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၄၉.၁၁၀ | ၁၀၀၀.၀၀၀ | | | ၁၈၇.၆၀၀ | | | | ၁၃၃၆.၇၁၀ |
| ၄ | | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၎င်း | ၇၃.၈၄၇ | | | | ၃၀၃.၆၂၄ | | | | ၃၇၇.၄၇၁ |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၇၃.၈၄၇ | | | | ၃၀၃.၆၂၄ | | | | ၃၇၇.၄၇၁ |
| ၅ | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၎င်း | ၇၃၀၈.၄၅၉ | | | | ၂၄၇၀.၀၂၉ | | | | ၉၇၇၉.၄၈၈ |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၄၁၂၃.၆၄၈ | | | | ၁၅၆၂.၂၀၀ | | | | ၅၆၈၅.၈၄၈ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၈၆၅.၃၇၃ | | | | ၅၀၃.၁၃၀ | | | | ၁၃၆၈.၅၀၃ |
| | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၇၉၃.၁၁၆ | | | | ၂၉၂.၄၉၅ | | | | ၁၀၈၅.၆၁၁ |
| | ၄ | သမဝါယမဦးစီးဌာန | | ၁၄၁၇.၄၂၄ | | | | ၇၃.၁၆၄ | | | | ၁၄၉၀.၅၈၈ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၀၈.၈၉၈ | | | | ၄၀.၀၄၀ | | | | ၁၄၈.၉၃၈ |
| ၆ | | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၎င်း | ၂၆၅၆.၉၁၈ | | | | ၉၇၃.၆၇၇ | | | | ၃၆၃၀.၅၉၅ |
| | ၁ | သစ်တောဦးစီးဌာန | | ၂၀၉၄.၄၂၉ | | | | ၂၅၈.၉၀၇ | | | | ၂၃၅၃.၃၃၆ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၄၉၃.၅၂၅ | | | | ၅၆၂.၈၇၀ | | | | ၁၀၅၆.၃၉၅ |
| | ၃ | သတ္တုတွင်းဦးစီးဌာန (ဆားလုပ်ငန်းဌာန) | | ၆၈.၉၆၄ | | | | ၁၅၁.၉၀၀ | | | | ၂၂၀.၈၆၄ |
| ၇ | | ကျန်းမာရေးနှင့်အားကစား | ၎င်း | ၁၁၀၃.၂၄၁ | | | | ၁၁၇၉.၅၀၄ | | | | ၂၂၈၂.၇၄၅ |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၁၁၀၃.၂၄၁ | | | | ၁၁၇၉.၅၀၄ | | | | ၂၂၈၂.၇၄၅ |
| ၈ | | ဆောက်လုပ်ရေး | ၎င်း | ၁၆၅၇၇.၁၅၉ | | | | ၇၅၁၈၈.၃၅၅ | | | | ၉၁၇၆၅.၅၁၄ |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၄၂၈.၇၄၁ | | | | ၂၁၇၂.၅၂၇ | | | | ၂၆၀၁.၂၆၈ |
| | ၂ | လမ်းဦးစီးဌာန | | ၁၃၇၃၃.၉၁၀ | | | | ၄၇၃၄၇.၃၅၀ | | | | ၆၁၀၈၁.၂၆၀ |
| | ၃ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၄၁၄.၅၀၈ | | | | ၂၅၆၆၈.၄၇၈ | | | | ၂၈၀၈၂.၉၈၆ |
| ၉ | | ကုန်တင်ကုန်ချကော်မတီရုံး | ၎င်း | ၉၂.၂၅၅ | | | | ၁၁.၃၄၇ | | | | ၁၀၃.၆၀၂ |
| ၁၀ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၇၄၆၁.၄၄၀ | | | | ၉၂၈၀.၀၈၁ | | | | ၁၆၇၄၁.၅၂၁ |
| | | ပေါင်း | | ၅၄၄၆၄.၂၈၈ | ၁၀၀၀.၀၀၀ | | | ၉၄၅၂၇.၅၂၂ | | | | ၁၄၉၉၉၁.၈၁၀ |

Ayeyarwady Hluttaw